# အလုပ်ခွင်နဲ့သင့်တော်တဲ့ Laptop 5 မျိုး

Technical specification တွေ သိပ်မပါဘဲနဲ့ ကိုယ်နဲ့သင့်တော် ရာကို ရွေးနိုင်ဖို့ laptop တွေနဲ့ ပတ်သက်ပြီး အနည်းငယ် သုံးသပ်တင်ပြပေးချင်ပါတယ်။



## HP mini S103 (XP 882PA)

HP mini S102 နဲ့ ကွာခြားချက် ကြီးကြီးမားမားမရှိပေမယ့် HP mini S103 က netbook တစ်လုံးအတွက် ငွေအမြောက်အများ အသုံးပြုရတာကို ဂရုမစိုက်ရင် ဝယ်ယူသင့်တဲ့ အကောင်းစား netbook တစ်လုံးပါပဲ။ သူ့မှာ 2GB RAM နဲ့ လျှင်မြန်တဲ့ 7200 rpm hard drive တပ်ဆင်ထားသလို battery သက်တမ်းကလည်း ကောင်းမွန်ပါတယ်။ ဒါပေမဲ့ ပထမဆုံးအကြိမ် boot တက်တဲ့အခါ ကြာလွန်းတဲ့ setup လုပ်ဆောင်ချက်ကို မနှစ်သက်ပါဘူး။ ပြီးတော့ bloatware တွေ အများကြီးပါတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ S103 က ကောင်းမွန်တဲ့အဆင့်ရှိပါတယ်။




## Sony VAIO Y series (VPCYA 15FGB)

Sony VAIO Y series ultraportable notebook က ကောင်းမွန်ပါတယ်။ ကျစ်လစ်ပေါ့ပါးသေးငယ်ပြီး design ကောင်းသလို အသုံးပြုရတာလည်း အဆင်ပြေမှုရှိပါတယ်။ အထဲမှာ Core i3 CPU တပ်ဆင်ထားလို့ office task တွေနဲ့ web browsing ကို ကောင်းကောင်း ဆောင်ရွက်ပေးနိုင်ပါတယ်။




## Medion Akoya E7216 (MD 98550)

ဈေးသက်သာပြီး ကောင်းမွန်တဲ့ feature တွေ အများအပြားပါလာတဲ့ Medion Akoya E7216 က နာမည်ကြီး entry-level notebook တွေအစား သုံးစွဲနိုင်ပါတယ်။ သူ့မှာ ၁၇.၃ လက်မအရွယ်အစား မျက်နှာပြင်တပ်ဆင်ထားပြီး အရေး ကြည့်မကောင်းပေမယ့် ပြိုင်ဘက်တွေနဲ့မတူတဲ့ USB 3.0 နဲ့ HDMI တို့လို feature တွေ ပါရှိပါတယ်။



## Dell Inspiron M101z

Dell Inspiron M101z ultraportable laptop က သေးငယ်ပေါ့ပါးပြီး နေ့စဉ်တာဝန်တွေကို လုပ်ဆောင်နိုင်တဲ့ စွမ်းဆောင်ရည်ရှိပါတယ်။ ဒါက စွမ်းဆောင်ရည်မြင့်ပြီး netbook အရွယ်အစား notebook မျိုးလိုချင်ရင် စဉ်းစားသင့်တဲ့ အမျိုးအစားပါပဲ။ ဒီ notebook နဲ့ပတ်သက်ပြီး သဘောမကျစရာတစ်ခုက screen အရည်အသွေးညံ့ဖျင်းတာပါပဲ။ ဒါကို ဈေးသက်သာတဲ့ ultraportable laptop တွေအတွက် ခြွင်းချက်တစ်ခုအနေနဲ့ စဉ်းစားပေးရမှာဖြစ်ပါတယ်။



## Toshiba portege R700

Toshiba portege R700 က သူ့ရဲ့ ပေါ့ပါးပြီး သေးသွယ်တဲ့ပုံစံနဲ့ လုပ်ဆောင်နိုင်စွမ်းတွေကြောင့် အထင်ကြီးလောက်စရာပဲဖြစ်ပါတယ်။ စွမ်းအားကောင်းတဲ့ Core i5 CPU တပ်ဆင်ထားပေမယ့် run တဲ့အခါ အရမ်းပူနွေးတာကြောင့် ပေါင်ပေါ်တင်သုံးဖို့ အဆင်ပြေမှာမဟုတ်ပါဘူး။ သူ့ရဲ့ keyboard ကို သိပ်မကြိုက်သလို fingerprint reading software နဲ့ ပတ်သက်တဲ့ ပြဿနာကိုလည်း ပြင်ဆင်စေချင်ပါတယ်။ ဒီအချက်တွေက လွဲလို့ R700 က လုပ်ဆောင်နိုင်စွမ်းကောင်းပြီး သယ်ယူရလွယ်ကူတဲ့ business laptop တစ်လုံးပါလို့ ဆိုရမှာဖြစ်ပါတယ်။ ■

West Hero